# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ပုသိမ် ဩဂုတ် ၁၈

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရှိ Banquet Hall ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်၏ လုပ်ငန်းတာဝန်များအပေါ် မူတည်၍ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်သည် မဏ္ဍိုင်အသီးသီးတွင် ဦးစီး၊ ဦးဆောင် ပြုမည့်သူများအားရွေးချယ်ပေးခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအားထိန်းညှိဆောင်ရွက်ခြင်းနှင့် ပြည်သူကိုကိုယ်စားပြုခြင်းများ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ပြည်သူနှင့် အစိုးရအကြား ပြည်သူ့ဆန္ဒများကိုဖော်ဆောင်ပေးရသည့် ကြားခံမဏ္ဍိုင် တစ်ရပ် ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ပြည်သူ့ အကျိုးကို ရှေ့ရှုဆောင်ရွက်ရသည့် သူများဖြစ်သည့်အတွက် မြင့်မြတ်သည့် တာဝန်ကို ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များပင် ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အောင်မြင်စေရန်မှာ လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီများ၏ စွမ်းဆောင်ချက်များ အပေါ်မူတည်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်ငယ်များဖြစ်ပြီး လွှတ်တော်အတွက် အဓိကကျသည့် မဏ္ဍိုင်များပင် ဖြစ်ပါကြောင်း။

လွှတ်တော်၏ အခန်းကဏ္ဍမြှင့်မားတိုးတက်စေရေးအတွက် မဟာဗျူဟာ စီမံချက်များချမှတ်၍ ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် သီးခြားသတ်မှတ်၍ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူထုလူတန်းစားအသီးသီးက လွှတ်တော်ကို ပိုမိုသိရှိစေရေးနှင့် လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ထိတွေ့နိုင်ရေးအတွက် လွှတ်တော်သို့ လာရောက်လေ့လာနိုင်ရန် ဖိတ်ကြားဆောင်ရွက်ခြင်းနည်းလမ်းများ၊ အွန်လိုင်းမီဒီယာ၊ printed media နည်းလမ်းများကိုအသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊

လွှတ်တော်၏ တံခါးဖွင့်ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်အနေဖြင့် open parliament day သတ်မှတ်ပြီး ကျောင်းသားလူငယ်များ၊ အဖွဲ့အစည်းအသီးသီးမှ ပြည်သူများလွတ်လပ်စွာလာရောက်လေ့လာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ လူငယ်အဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့အစည်းများ အနေဖြင့် လွှတ်တော်သို့ လာရောက်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် Join Parliament အစီအစဉ်များ ဆောင်ရွက်ပေးခြင်းဖြင့် လွှတ်တော်ကို ပြည်သူများ သိရှိလာပြီး ပြည်သူ ပိုမိုယုံကြည်အားကိုးသော လွှတ်တော်တစ်ရပ်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့် ကာလတွင် လွှတ်တော်ကဏ္ဍမြှင့်မားတိုးတက်ပြီး အရွေ့တစ်ခုသို့ရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး ဆိုင်ရာများနှင့်ပတ်သက်၍ ကျယ်ပြန့်စွာစဉ်းစားပြီး လွှတ်တော်အတွင်းမှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ကော်မတီအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးဆောင်ရွက်ခြင်းဖြင့် ဥပဒေပြုရေးအတွက် လိုအပ်သောအချက်အလက် အထောက်အထားများနှင့် ကောင်းမွန်သောအကြံပြုချက်များရရှိလာမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍပေါင်းစုံ၏ လိုအပ်ချက်များအားလွှတ်တော်အနေဖြင့် ထဲထဲဝင်ဝင်လေ့လာသုံးသပ်ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ပြီးပြည့်စုံသော လွှတ်တော်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း က ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်၏ တတိယအကြိမ်ပုံမှန်အစည်းအဝေးကျင်းပနေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ က လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကိစ္စရပ်များ၊

လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ်နေသည့်ကိစ္စရပ်များအား တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာများကော်မတီများ၏ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံရာ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမအား လိုက်လံကြည့်ရှုစစ်ဆေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

သတင်းစဉ်